# သစ်တောထွက်ပစ္စည်းများသယ်ယူခွင့်ပြုခြင်းဆိုင်ရာ
# လုပ်ထုံးလုပ်နည်းများ

## Technical Document-11

## သစ်တောထွက်ပစ္စည်းသယ်ယူခြင်းဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ

## (Standard Operating Procedure for Removal Pass)

**သစ်တောထွက်ပစ္စည်းသယ်ယူခြင်း။** ၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ-၂၃ အရ စည်ပင်သာယာ နယ်နမိတ်တစ်ခုအတွင်းရှိ မြို့နယ်တစ်ခုမှတစ်ခုသို့ သယ်ယူရွှေ့ပြောင်းခြင်းကိစ္စရပ်မှတစ်ပါး သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းလိုလျှင် တိုင်းဒေသကြီး/ ပြည်နယ် သစ်တောအရာရှိက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိထံမှ မျှောစာလျှောက်ထားရမည်။ မျှောစာရရှိသူသည် မျှောစာအတွက် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်ရမည်။ မြို့နယ်တာဝန်ခံ သစ်တောအရာရှိ သို့မဟုတ် ၎င်းက တာဝန်ပေးအပ်ခြင်းခံရသော သစ်တောဝန်ထမ်းသည် အခွန်ဆောင်ပြီးသော သစ်တောထွက်ပစ္စည်းများအတွက် မျှောစာထုတ်ပေးခွင့် ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ပါအဆင့်များအတိုင်း လိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်-

**လုပ်ငန်းစဉ်(၁)။ အသုံးပြုရမည့်သစ်တောပုံစံနှင့် ထိန်းသိမ်းရမည့်စနစ်**

(က) သစ်တောထွက်ပစ္စည်းများကို သယ်ယူရာတွင် ဌာနဆိုင်ရာမှ မျှောစာပါရှိရမည်။ အသုံးပြုရမည့် မျှောစာပုံစံမှာ သစ်တောအယ်လ် (၄၁)ပုံစံဖြစ်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်ရုံးမှ ထုတ်ပေးထားသော မျှောစာ စာအုပ်ကိုသာ အသုံးပြု၍ ထုတ်ပေးရမည်။ မိမိသဘောအလျှောက် ပုံနှိပ်သုံးစွဲခွင့် မပြု။



မျက်နှာစာ



နောက်ကျော

(ဂ) မျှောစာ စာအုပ်ကို လုံခြုံစွာ သိမ်းဆည်းထားရမည်။

**လုပ်ငန်းစဉ်(၂)။ မျှောစာထုတ်ပေးခွင့်ရှိသူ**

(က) မျှောစာကို သာမန်အားဖြင့် မြို့နယ်သစ်တောဦးစီးအရာရှိ (သို့မဟုတ်) မြို့နယ်သစ်တောဦးစီးဌာနမှူးကသာလျှင် တာဝန်ခံ၍ မိမိကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ထုတ်ပေးရမည်။

( ခ ) မြို့နယ်သစ်တောဦးစီးအရာရှိ (သို့မဟုတ်) မြို့နယ်သစ်တောဦးစီးဌာနမှူးကသာ ကျွန်း၊ သစ်မာ သစ်လုံး/ ခွဲသား၊ တိုင်/ မျှောနှင့် တန်ဖိုးကြီးသည့် သစ်တောထွက်ပစ္စည်းများကို မျှောစာထုတ်ပေးရမည်။

( ဂ ) ခရီးထွက်ခြင်း၊ ခွင့်ယူခြင်း စသည့် ထူးခြားသောအကြောင်းကြောင့် မြို့နယ်သစ်တောဦးစီးအရာရှိ (သို့မဟုတ်) မြို့နယ်သစ်တောဦးစီးဌာနမှူး ကိုယ်တိုင် လက်မှတ်ရေးထိုးခြင်း မပြုနိုင်ပါက ၎င်းမှ မျှောစာထုတ်ပေးရန် စာဖြင့် တာဝန် ပေးအပ်ထားသော (က)အဆင့် မြို့နယ်တွင် တောအုပ်ကြီး/ (ခ) အဆင့်မြို့နယ်တွင် တောအုပ်က ထုတ်ပေးခွင့်ရှိသည်။ ထိုသို့ မျှောစာထုတ်ပေးသည့်ကိစ္စရပ်အားလုံးကို မြို့နယ်တာဝန်ခံက တာဝန်ယူရမည်။

(ဃ) တာဝန်ပေးအပ်ခြင်းခံရသော တောအုပ်ကြီးသည် ၎င်းတာဝန်ယူစဉ် ထုတ်ပေးခဲ့သော မျှောစာလက်ခံပိုင်းကို မြို့နယ်သစ်တောဦးစီးအရာရှိ (သို့မဟုတ်) မြို့နယ်သစ်တောဦးစီးဌာနမှူးထံ ပြန်လည်တင်ပြပြီး ဦးစီးမှူးမှ စစ်ဆေးပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပေးရမည်။

**လုပ်ငန်းစဉ်(၃)။ မျှောစာမရေးသားမီ စစ်ဆေးဆောင်ရွက်ရမည့် တာဝန်များ**

(က) မည်သည့် သစ်တောထွက်ပစ္စည်းကိုမဆို မျှောစာထုတ်ပေးရန် လျှောက်ထားလာလျှင် သယ်ယူလိုသော ပစ္စည်းများအတွက် တရားဝင်ပိုင်ဆိုင်ကြောင်း ပြေစာ အထောက်အထား စာရွက်စာတမ်းများ အပြည့်အစုံ တင်ပြနိုင်မှသာ မျှောစာ ထုတ်ပေးရမည်။

( ခ ) တင်ပြသော အခွန်တော် ဆောင်ပြီးကြောင်း ဘီလ်ပြေစာ၊ မြန်မာ့သစ်လုပ်ငန်း Delivery Order -DO)/ ပြေစာ၊ ပြေစာတွင် ပူးတွဲဖော်ပြထားသောအတိုင်းစာရင်းများ၊ အထောက်အထားစာရွက်စာတမ်းများ၊ သက်ဆိုင်ရာ သစ်ခွဲစက်၏ ခွဲသားထွက်ရှိမှု စာရင်း (သစ်တောပုံစံ G-96 a)၊ အတိုင်း စာရင်းများ မှန်ကန်ခြင်း ရှိ/ မရှိ၊ တိုက်ဆိုင် စစ်ဆေး၍ မျှောစာ ထုတ်ပေးသင့်ကြောင်း


FOREST S-2
DUPLICATE
FOREST DEPARTMENT MYANMAR



ဘီလ် ပြေစာ နှင့် S-18

တွေ့ရှိပါက၊ မျှောစာ ထုတ်ပေးရန် တာဝန်ရှိသော အရာရှိသည် သယ်ယူ ခွင့်ပြုရန် လျှောက်ထားသော မျှောစာ ထုတ်ပေးရမည့် သစ်လုံး (သို့မဟုတ်) ခွဲသား (သို့မဟုတ်) သစ်တောထွက်ပစ္စည်းများကို ကိုယ်တိုင် သော်လည်းကောင်း၊ ယုံကြည်ရသော တောအုပ် အဆင့်ထက် မနိမ့်သော သစ်တော ဝန်ထမ်းတစ်ဦး ခေါင်းဆောင် ပါဝင်သည့် အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍ လည်းကောင်း အသေးစိတ် တိုင်းတာ စစ်ဆေးရမည်။



ORIGINAL

THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF FORESTRY
MYANMA TIMBER ENTERPRISE

DO NO. 640/2012-2013(L) DATED: 14-11-2012.

SUBJECT : DELIVERY OF MYANMAR GREEN TEAK ROUND LOGS.

THE MANAGER.
ROUND LOGS SALE UNIT(2)

PLEASE PREPARE PARCEL AS FOLLOWS & DELIVER AS INSTRUCTED BY METG(1) OFFICE.

ACCOUNT : NATIONAL WOOD INDUSTRY LTD.

COMMODITY : MYANMA GREEN TEAK ROUND LOGS.

QUALITY : SG VII

| CONTRACT NO | PCS | LOT NO | TONS | SPEC NO. |
|---|---|---|---|---|
| DGL-G8/12-13(OTL) | 59 | NK-150 | 45.546 | NK-150/12-13 |

(FORTY FIVE POINT FIVE FOUR SIX TONS.)

QUANTITY NOT TO EXCEED : (45.546) TONS (59) PCS (82.106) M3

4445/12 US$. 3297.26
4400/12 US$.69621.89 AMOUNT AVAILABLE : US$. 72919.15
DELIVERY ORDER VALUE : US$. 72919.15
BALANCE : US$. NIL

GYAW HTET AUNG
ASST:GENERAL MANAGER(EXPORT BILLS)

COPY: DIRECTOR F.D YGN DIV: (WITH SPEC:)
DEPUTY GENERAL MANAGER(METG)



လက်ခံငွေ
မြန်မာ့သစ်လုပ်ငန်း



နေ့စဉ်သစ်လုံးများ သစ်စက်ဝင်းအတွင်း ရောက်ရှိသည့်စာရင်း နှင့် သစ်လုံးများခွဲစိတ်ခြင်းစာရင်း
( သစ်စက်လိုင်စင်ပုံအယ်လ် – ၂၈ စည်းကမ်းချက် (၆) အရ ဆောင်ရွက်ရန် )

သစ်တော
ဖို-၉၆ (အေ)

| ရက်စွဲ | သစ်လုံးပေါ်ရှိ အထောက်တံဆိပ် | ပိုင်ရှင်အမည် | သစ်လုံးပေါ်ရှိ ပိုင်ရှင်ကိုယ်ပိုင်အမှတ် | သစ်မျိုး | နေ့စဉ်သစ်စက်ဝင်းအတွင်းသို့ သယ်ယူသောသစ်လုံး | | | | | နေ့စဉ်ခွဲစိတ်သောခွဲသား | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ဘိလ်နံပါတ် | အမှတ်စဉ် ချောင်းရေ | အလျား | လုံးပတ် ဖျက်×ဒု | တုန | ဖျက် | ဒု | ချောင်းရေ | ပေရှည် | လက်မ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| 23.9.14 | မြန်မာ့သစ်လုပ်ငန်း မြေစာအမှတ်-(103)သစ်စက် | | | ကျွန်း | | 1 | 7 | 6 6 | 1.75 | 50 | 30 | 56 | 450 | 1.33 |
| | မြေစာအမှတ်- 505580 (8.3.12) | | | | | 1 | 8 | 6 6 | 2.00 | 150 | 35 | 14 | 540 | 1.40 |
| | မဟာဒေဝတင်မြို့နယ် သစ်စေ့ဒေသပြီး ... | | | | | 5 | 9 | 6 6 | 11.25 | 150 | 150 | 14 | 360 | 4.00 |
| | (23.6.14) ... အမှတ်-109/14-5 | | | | | | | | | 40 | 35 | 7 | 2220 | 0.77 |
| | | | | | | | | | | 150 | 35 | 28 | 730 | 3.79 |
| | | | | | | 2 | 10 | 6 6 | 5.00 | 110 | 110 | 14 | 440 | 2.63 |
| | | | | | | | | | | 35 | 25 | 7 | 2320 | 0.50 |
| | | | | | | | | | | 35 | 25 | 7 | 2290 | 0.49 |
| | | | | | | 1 | 11 | 6 6 | 2.75 | 110 | 110 | 14 | 290 | 1.73 |
| | | | (အေးသောင်း) | | | | | | | 35 | 25 | 14 | 690 | 0.30 |
| | | | တောအုပ် | | | 2 | 12 | 6 6 | 6.00 | 140 | 110 | 4 | 990 | 2.15 |
| | | | သစ်တော ဦးစီးဌာန | | | | | | | 130 | 110 | 5 | 990 | 2.50 |
| | | | တောအောင်မြေမြို့နယ်၊ မန္တလေးမြို့ | | | 2 | 13 | 6 6 | 6.50 | 140 | 110 | 5 | 990 | 2.69 |
| | | | | | | | | | | 130 | 110 | 4 | 990 | 2.00 |
| | | | | | | 14 | | | 35.25 | | | 193 | | 26.28 |

35.25 193 26.28

( ဂ ) တာဝန်ပေးခံရသော စစ်ဆေးသူ သစ်တောဝန်ထမ်းသည် တင်ပြသောပြေစာ၊ အထောက်အထားစာရွက်စာတမ်း၊ အတိုင်းစာရင်းများနှင့် ကိုက်ညီခြင်း ရှိ/ မရှိ သယ်ယူခွင့်ပြုရန် လျှောက်ထားသော သစ်လုံး သို့မဟုတ် ခွဲသားများကို တိုက်ဆိုင်၍ အသေးစိတ် တိုင်းတာ စစ်ဆေးပြီး အတိုင်းစာရင်းတစ်စုံ ပြုစုတင်ပြ ရမည်။ သစ်ပေါ်တွင် ရိုက်မှတ်ထားသော တံဆိပ်အမှတ်အသားများ၏ ခဲခြစ်ကိုလည်း ရယူတင်ပြရမည်။

| စဉ် | အမျိုးအမည် | လုံးပတ်/ ဖျက်+ဒု | အလျား | အရေအတွက် | ရေတွက်ပုံ | ကုဗပေ | တန် |
|---|---|---|---|---|---|---|---|
| | | | | | | | |





ကိုယ်ပိုင်တံဆိပ်တုံး

(ဃ) မြန်မာ့သစ်လုပ်ငန်းမှ လေလံတင်ရောင်းချသော သစ်များနှင့်ပတ်သက်၍ မြေပြင်အမှန် အတိုင်း စာရင်းအား သစ်တောဦးစီးဌာနနှင့် မြန်မာ့ သစ်လုပ်ငန်းတို့ ဌာနနှစ်ခု ပူးပေါင်းစစ်ဆေးပြီး မြေပြင်အမှန်အတိုင်း စာရင်းပေါ်တွင် ဌာနနှစ်ခုမှ စစ်ဆေးသူတို့ ပူးတွဲ လက်မှတ်ရေးထိုး ပေးရမည်။ သစ်ပေါ်တွင် စစ်ဆေးပြီး ရိုက်မှတ်ပေးသော ကိုယ်ပိုင်တံဆိပ်ပုံစံကိုလည်း အတိုင်းစာရင်းပေါ် တွင် မှင်ဖြင့် နှိပ်ပေးရမည်။

(င) သစ်လုံး (သို့မဟုတ်) ခွဲသား ထိပ်ဖျားပေါ်တွင် စစ်ဆေးသူ၏ ကိုယ်ပိုင်တံဆိပ်ကို လုံလောက်စွာ အပြည့်အဝ ရိုက်နှိပ်ရမည်။ တစ်လက်မထုအောက် ပျဉ်ပြားဖြစ်ပါက ထိပ်တွင် မိသလောက် ရိုက်ပေးရမည်။ ပန်းပု၊ ပရိဘောဂအပါအဝင် အချောထည်များဖြစ်ပါက ထုပ်ပိုးသေတ္တာပေါ်တွင် ကိုယ်ပိုင်တံဆိပ် (သို့မဟုတ်) ရာဘာတံဆိပ် (သို့မဟုတ်) ချိတ်ပိတ်တံဆိပ် ရိုက်နှိပ်ပေးရမည်။

(စ) စစ်ဆေးကိုက်ညီပါက One Stop Service ဖြင့် ဆောင်ရွက်ခွင့်ပြုထားသည့် ကိစ္စရပ်မှတစ်ပါး ခရိုင်ကျော်၊တိုင်းဒေသကြီး/ ပြည်နယ်ကျော်၍သယ်ယူရွှေ့ပြောင်းခြင်းများအတွက် သယ်ယူခွင့်လျှောက်ထားသူ တင်ပြသည့် စာရွက်စာတမ်းများ၊ စစ်ဆေးထားသည့် အတိုင်းစာရင်း၊ ထောက်ခံတင်ပြစာတို့နှင့်အတူ သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိထံတင်ပြ၍ ၎င်း၏သဘောတူခွင့်ပြုချက် ရရှိမှသာ မျှောစာထုတ်ပေးရမည်။ ခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့နယ်မှ တစ်မြို့နယ်သို့ သစ်တောထွက်ပစ္စည်း သယ်ဆောင်ပါက သယ်ယူခွင့်လျှောက်ထားသူ တင်ပြသည့် စာရွက်စာတမ်းများ၊ စစ်ဆေးထားသည့်အတိုင်းစာရင်း၊ ထောက်ခံတင်ပြစာတို့ကို ပြည့်စုံမှန်ကန်စွာ တင်ပြနိုင်ပါက မြို့နယ်ဦးစီးအရာရှိ (သို့မဟုတ်) မြို့နယ်ဦးစီးဌာနမှူးမှ မျှောစာထုတ်ပေးရမည်။

(ဆ) ညွှန်ကြားစာဖြင့် ကန့်သတ်ပိတ်ပင်ထားသော ဒေသများကို သယ်ယူခွင့်မျှောစာထုတ်မပေးရပါ။ ဘီလ်ပြေစာတွင် ဖော်ပြကန့်သတ်ထားသော ဒေသများကို ကျော်လွန်၍ သယ်ယူခွင့် မျှောစာ ထုတ်မပေးရပါ။ ဘီလ်ပြေစာပါ ရောင်းချ/ သုံးစွဲခွင့်ပြုထားသော လိပ်စာအတိုင်း မျှောစာထုတ်ပေးရမည်။ မြန်မာ့သစ်လုပ်ငန်းမှ လေလံ/ အိတ်ဖွင့်တင်ဒါများဖြင့် ရောင်းချထားသည့် သစ်လုံး/ ခွဲသားများကို ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူခွင့်ရှိသော်လည်း နယ်စပ်ဒေသများသို့ သယ်ယူခွင့်အတွက် ဦးစီးရုံးချုပ်၏ ခွင့်ပြုချက် ရယူရမည်။

## လုပ်ငန်းစဉ်(၄)။ မျှော်စာရေးသားရာတွင်ဆောင်ရွက်ရမည့် တာဝန်များ

(က) ထုတ်ပေးသည့် မျှော်စာတွင် အောက်ပါအချက်များဖော်ပြရမည်-

(၁) မျှော်စာရသူ အမည် ၊ နေရပ်နှင့် ၎င်း၏ကိုယ်စားလှယ်အမည်

(၂) သစ်ဖြစ်ပါက သစ်မျိုး၊ သစ်လုံး/ခွဲသား အရေအတွက်၊ ကုဗပေ(တန်)၊

(၃) အခြားသစ်တောထွက်ပစ္စည်းဖြစ်ပါက အမျိုးအမည်နှင့် အရေအတွက်

(၄) သစ်လုံးနှင့်သစ်ခွဲသားအပေါ်၌ ပါရှိသည့် တံဆိပ်အမှတ်အသား

(၅) သယ်ယူရွှေ့ပြောင်းမည့်စပ်ကြား၊ ဘယ်က.... ဘယ်သို့.....

(၆) သယ်ယူမည့် ကားအမှတ်/ မီးရထား/ ရေယာဉ်အမည်

(၇) မျှော်စာသက်တမ်း(မျှော်စာထုတ်ပေးသောနေ့နှင့် ဆုံးခန်းတိုင်ရောက်သောနေ့ )

(၈) လမ်းခရီးတွင် ရပ်တန့်၍ အစစ်ဆေးခံရမည့် နေရာများ

(၉) ကောက်ခံသော အခွန်တော်ငွေ

(၁၀) မျှော်စာထိပ်တွင်ဖြစ်စေ၊ ကျောဘက်တွင်ဖြစ်စေ သယ်ယူသည့်ပစ္စည်းများအတွက် အထောက်အထားပြုသည့် ဘီလ်/ ပြေစာနံပါတ်နှင့် နေ့စွဲ၊ သယ်ယူခွင့်ပြုသည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက်တို့အပြင် ခရိုင်/ ပြည်နယ်/ တိုင်းကျော် သယ်ယူခွင့်ပြုသည့် စာအမှတ်နှင့် ရက်စွဲတို့ကို အပြည့်အစုံ ရေးသားဖော်ပြရမည်။

(၁၁) မျှော်စာကိုပေးအပ်ရမည့် အရာရှိ

(၁၂) မျှော်စာကိုထုတ်ပေးသူ အရာရှိ လက်မှတ်နှင့် ရုံးတံဆိပ်တုံး

(ခ) မျှော်စာတွင် မူလပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်းနှင့် စာအုပ်တွင်ချန်ထားရန် အပိုင်း (၄)ပိုင်းလုံးပေါ်တွင် ရေးသားရမည့်အချက်များ ပြည့်စုံအောင် ရေးသား ဖော်ပြရမည်။

(၁) မူလပိုင်းကို သက်ဆိုင်ရာ လျှောက်ထားသူအား ပေးရမည်။

(၂) ဒုတိယပိုင်းကို ခရီးဆုံးတွင် မျှော်စာကို သက်ဆိုင်ရာ သစ်တောအရာရှိထံ ပေးပို့ရမည်။ သစ်တောကင်းရုံးရှိပါက ကင်းရုံးတာဝန်ခံထံ ပေးအပ်နိုင်သည်။

(၃) တတိယပိုင်းကို လိုအပ်ပါက မီးရထားရုံပိုင်၊ သင်္ဘောကိုယ်စားလှယ်ထံ ပိုင်ရှင်မှတစ်ဆင့် ပေးပို့ရမည်။ မီးရထားနှင့် သင်္ဘောကိုယ်စားလှယ်တို့သည် တတိယပိုင်း မျှော်စာကို ရရှိမှသာလျှင် မီးရထား၊ သင်္ဘောပေါ်သို့ တင်ခွင့်ပြုရပါမည်။ ခရီးဆုံးအရပ်သည် ရန်ကုန်၊ မန္တလေးဖြစ်ခဲ့လျှင်

မည်သည့် အထူးဘူတာရုံအရောက်ဟု ရေးသားဖော်ပြရမည်။ တတိယပိုင်းကို ပေးပို့ရန် မလိုအပ်ပါက ငွေစာရင်းနှင့်အတူ ခရိုင်သစ်တောရုံးသို့ ပေးပို့ရန်ဖြစ်သည်။

(ဂ) မျှောစာကို ရေးသွင်းရာ၌ အောက်ပါအချက်အလက်များကို လိုက်နာရမည်-

(၁) မျှောစာကို ဖျက်ပစ်ရန် ခက်ခဲသောမှင်ဖြင့် ရေးရမည်။

(၂) လက်ရေးကို ပီပြင်စွာ ရေးသားရမည်။ ပြင်ဆင်ချက်များ ရှိပါက လက်မှတ်ရေးထိုး၍ ပြင်ဆင်ရမည်။

(၃) အမည်၊ နေရပ်လိပ်စာ အပြည့်အစုံနှင့်တကွ ဖြည့်စွက်ရန်ရှိသော အချက်အလက်များ အားလုံးကို ဖော်ပြရမည်။

(၄) ရိုက်မှတ်ပေးသော တံဆိပ်ပုံစံကို မှင်ဖြင့် ရိုက်နှိပ်ရမည်။ ပြေစာနှင့် သစ်ပေါ်တွင် ပါရှိသော တံဆိပ် အမှတ်အသားများအားလုံး၏ ပုံစံကို မှင်ဖြင့် ရေးသားဖော်ပြရမည်။

(၅) မျှောစာထိပ်ရှိ နေရာလပ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ကျော်လွန် သယ်ယူခွင့်ပြုသည့် စာအမှတ်နှင့် ရက်စွဲ၊ သယ်ယူလာသော ယာဉ်အမျိုးအစားနှင့် အမှတ်ကို ထင်ရှားစွာ မှင်နီဖြင့် ရေးသားဖော်ပြပေးရမည်။

(၆) သယ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်ကို အတိုင်းစာရင်း အပြည့်အစုံဖြင့် ရေးသွင်းရန် နေရာမလုံလောက်ပါက သီးခြားစာရွက်တွင် ရုံးတံဆိပ် ရိုက်မှတ်၍ အပြည့်အစုံ ရိုက်သွင်းပြီး မျှောစာနှင့်အတူ ပူးတွဲပေးပို့ရမည်။

(၇) မျှောစာထုတ်ပေးရာတွင် ပစ္စည်းအရေအတွက်ကို ဂဏန်း၊ စာသား နှစ်မျိုးစလုံးဖြင့် ရေးရမည်။ ဂဏန်းကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားဖော်ပြရမည်။

(၈) ထုတ်ပေးသည့်ရက်စွဲနှင့် ကုန်ဆုံးမည့်ရက်စွဲဂဏန်းကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားဖော်ပြရမည်။ မျှောစာထုတ်ပေးရာ၌ မျှောစာထုတ်ပေးသည့်ရက်နှင့် ဆုံးခန်းတိုင်သည့်ရက်ကို သယ်ယူမည့်ဒေသ၊ အကွာအဝေး၊ ခရီးသယ်ယူသည့်နည်းလမ်းပေါ် မူတည်၍ သေချာစွာ ခန့်မှန်း တွက်ချက်ပေးရမည်။ ၎င်းအပြင် မမျှော်လင့်သော လမ်းခရီးတွင် ကြန့်ကြာမှုများအတွက် ခွင့်ပြုသောနေ့ရက်၏ ၂၅ % ကိုအပိုဆောင်း၍ သတ်မှတ်ပေးနိုင်သည်။

(၉) တာဝန်ခံလက်မှတ်ရေးထိုးရာတွင် လက်မှတ်အောက်၌ ရက်စွဲပါရှိရမည်။

(၁၀) ကုန်းလမ်း (မော်တော်ယာဉ်)၊ ရေလမ်း (ဖောင်/ရေယာဉ်)၊ မီးရထား စသည်ဖြင့် သယ်ယူရာ လမ်းကြောင်းတစ်လျှောက် သယ်ယူမည့် နည်းလမ်း အဆင့်ဆင့် ပြောင်းလဲတင်ချ သယ်ယူရန်ရှိပါက မော်တော်ယာဉ်လမ်းဆုံး/ မီးရထားလမ်းဆုံး/ ရေလမ်းဆုံးအထိသာ သယ်ယူခွင့် မျှောစာကိုပေးရမည်။ သယ်ယူမည့် နည်းလမ်းအရ ခရီးလမ်းဆုံးမြို့နယ်မှ ထပ်ဆင့်မျှောစာ ထုတ်ပေးရန် ဖြစ်ပါသည်။

(၁၁) မော်တော်ကားဖြင့် ပစ္စည်းများသယ်ယူပါက၊ မျှောစာ၏ ရုံပိုင်များ အတွက်သာ ရေးသားထားသောဖြတ်ပိုင်းကို မှင်ဖြင့် **"ပါယ်ဖျက်"** ဟု တံဆိပ်ရိုက်မှတ်၍ မျှောစာထုတ်ပေးသူက လက်မှတ်ရေးထိုး၍ နေ့စွဲ တပ်ထားရမည်။

(၁၂) မျှောစာကို သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်တစ်စီး၊ မီးရထား တစ်တွဲ၊ ရေယာဉ်တစ်စီး စသည့်ဖြင့် တစ်စီးလျှင် မျှောစာတစ်စောင် ထုတ်ပေးရမည်။ အကယ်၍ ဘီ(လ်)/ ပြေစာတစ်ခုတည်းအရ ယာဉ်တစ်စီး ထက်ပို၍ သယ်ယူရမည်ဆိုလျှင် ယာဉ်တစ်စီးလျှင် မျှောစာတစ်စောင်နှုန်း ဖြင့် ခွဲ၍ ထုတ်ပေးရမည်။ မျှောစာတိုင်းတွင် မျှောစာအမှတ်များအလိုက် ခုနှိမ်ထားသည့် အထောက်အထားပြု ဘီလ်/ ပြေစာ၏ မိတ္တူမှန်ကို မျှောစာ ထုတ်ပေးသူအရာရှိက ရုံးတံဆိပ်ရိုက်နှိပ်ပြီး မိတ္တူမှန်ဖြစ်ကြောင်း မူရင်းလက်မှတ်ရေးထိုး၍ ပူးတွဲပေးရမည်။

(ဃ) ခရီးအစတွင် မျှောစာထုတ်ပေးသူသည် မူရင်း ဘီ(လ်)/ ပြေစာပေါ်တွင် မျှောစာ ထုတ်ပေးပြီး အရေအတွက်ကို မှင်နီဖြင့် ပါယ်ဖျက်ခြင်း (သို့မဟုတ်) လက်ကျန်ကို ဖော်ပြခြင်းအား ဆောင်ရွက်ရမည်။ ထို့အပြင် ပြေစာပေါ်တွင် သယ်ယူခွင့်ပြုသည့် မျှောစာအမှတ်နှင့် ရက်စွဲ၊ ယင်းမျှောစာအရ သယ်ယူခွင့်ပြုသည့် ပစ္စည်း အရေအတွက်ကို မှင်နီဖြင့် ဖော်ပြပေးရမည်။

( င ) လစဉ်မျှောစာထုတ်ပေးခြင်း စာရင်းကို မြို့နယ်သစ်တောဦးစီးဌာနများမှ အောက်ပါအတိုင်း စာရင်းပြုစု၍ သက်ဆိုင်သည့် ခရိုင်သစ်တောဦးစီးဌာနများထံပေးပို့ရမည်-

| စာအုပ်အမှတ် | စာရွက်အမှတ် နေ့စွဲ | မျှောစာရရှိသူ၏ အမည် | အရေအတွက် | မျှောစာထုတ်ပေး ရသည့်အထောက်အထား |
|---|---|---|---|---|
| | | | | |

## လုပ်ငန်းစဉ်(၅)။ ဆောင်ယူဆဲ မျှောစာများကို စစ်ဆေးရာတွင် ဆောင်ရွက်ရမည့် တာဝန်များ

(က) မျှောစာနှင့်အတူ ဘီ(လ်)/ ပြေစာ(သို့မဟုတ်) အထောက်အထားစာရွက်စာတမ်းများ ပါရှိရပါမည်။ အကယ်၍ ဘီ(လ်)/ ပြေစာတစ်စောင်တည်းဖြင့် ရယူပိုင်ဆိုင်သော ပစ္စည်းများကို တစ်ခေါက်တည်းဖြင့် ရွှေပြောင်းတင်ပို့ခြင်း မပြုနိုင်ပါက၊ အလီလီ မျှောစာများဖြင့် သယ်ဆောင်ရမည်။ ထိုသို့ သယ်ယူရာတွင် သယ်ဆောင်သော ပစ္စည်းများ၏ အတိုင်းစာရင်းများ ပူးတွဲပါရှိရမည်။

( ခ ) သစ်တောနည်းဥပဒေ ပုဒ်မ(၅၀)အရ သစ်တောဝန်ထမ်းသည် သစ်တောထွက် ပစ္စည်းသယ်ဆောင်လာသူ မည်သူကိုမဆို မျှောစာ ပါ/ မပါ စစ်ဆေးမေးမြန်းခွင့် ရှိသည်။ လမ်းခရီးတစ်လျှောက်တွင် သယ်ဆောင်လာသောယာဉ်ပေါ်ရှိ ပစ္စည်းကို စစ်ဆေးရာ၌ သက်ဆိုင်ရာ သစ်တောကင်းရုံးတာဝန်ခံသည် မျှောစာကျောဘက် တွင် မိမိစစ်ဆေးသည့် အချိန်နှင့် နေ့ရက်ကိုဖော်ပြ၍ မိမိလက်မှတ်တွင် နေ့စွဲတပ် ရေးထိုးရမည်။

( ဂ ) တရားဝင် ပိုင်ဆိုင်ခွင့်ရှိသည့် သစ်တောထွက်ပစ္စည်းကို မျှောစာမပါဘဲ သယ်ယူ ရွှေပြောင်းသူအား သစ်တောဥပဒေပုဒ်မ (၃၅) အရ ကျပ် ၅၀၀၀ ထက်မပိုသော ဒဏ်ကြေးကို ပေးဆောင်စေပြီး ဆက်လက်သယ်ယူ ရွှေပြောင်းခွင့်ပြုနိုင်သည်။ ဒဏ်ကြေးပေးဆောင်ရန် ပျက်ကွက်ပါက သယ်ယူလာသော သစ်တောထွက် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ဃ) စစ်ဆေးရာတွင် ပြစ်မှုအနည်းငယ်တွေ့ရှိခြင်း သို့မဟုတ် ကွာခြားခြင်းများတွေ့ရှိက မျှောစာ၏ ကျောဘက်တွင် လိုအပ်သလို ရေးသားပေးရမည်။ မိမိ၏ မှတ်စုစာအုပ် တွင်လည်း ရေးသား၍ စစ်ဆေးသောနေ့စွဲ၊ မျှောစာနံပါတ်များစသည့် အချက် အလက်များရေး၍ သက်ဆိုင်ရာ သစ်တောအရာရှိထံ အစီရင်ခံရမည်။ တွေ့ရှိသော

ပြစ်မှုသည် ကြီးကျယ်ပါက တွေ့ရှိသည့် အကြောင်းအရာအားလုံးကို ပစ္စည်းများ ခရီးဆုံးယူမည့်အရပ်ရှိ ခရိုင်သစ်တောအရာရှိထံ မိမိ၏ ခရိုင်သစ်တောအရာရှိမှ တစ်ဆင့်အကြောင်းကြားအစီရင်ခံရမည်။ အရေးကြီးပါကရွှေ့ပြောင်းသယ်ယူသော ပစ္စည်းအားလုံးကို ရပ်ဆိုင်းထားရမည်။ အမှုမပြီးလျှင် ဆက်လက်ရွှေ့ပြောင်းခွင့် မပြုရ။

( င ) မျှောစာစစ်ဆေးသော ကင်းရုံးများတွင် ပူးတွဲ(၁)ပါ မျှောစာစစ်ဆေးခြင်း မှတ်တမ်း အတိုင်း မှတ်တမ်းတင်ထားရှိရမည်။ တစ်လလျှင်တစ်ကြိမ် သက်ဆိုင်သည့် ခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးထံ စစ်ဆေးစာရင်း ပြုလုပ် ပေးရပါမည်။ သစ်တောအရာရှိ တစ်ဦးဦးက ကင်းရုံးကိုစစ်ဆေးသောအခါ မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ ရက်စွဲတပ်ပေးရမည်။

( စ ) မျှောစာဖြင့် သစ်တောထွက်ပစ္စည်းများအား ရွှေ့ပြောင်းသယ်ယူစဉ် မျှောစာ သက်တမ်းကုန်ဆုံးခြင်း၊ သယ်ဆောင်သည့်ယာဉ်ပြောင်းလဲခြင်းများ ဖြစ်ပေါ်လာပါ ကမျှောစာသက်တမ်းကုန်ဆုံးသည့် (သို့မဟုတ်) သယ်ဆောင်သည့်ယာဉ် ပြောင်းလဲ သည့်နေရာရှိ မြို့နယ်တွင် မျှောစာအပ်နှံရမည်ဖြစ်ပြီး ရောက်ရှိရာ မြို့နယ် ဦးစီးအရာရှိ/ မြို့နယ်ဦးစီးဌာနမှူးမှ စစ်ဆေးမှန်ကန်ပါက မျှောစာထုတ်ပေးခြင်း လုပ်ငန်းစဉ်များအတိုင်း မျှောစာအသစ် ထပ်မံထုတ်ပေး၍ သစ်တောထွက် ပစ္စည်း အား ဆက်လက်သယ်ဆောင်ခွင့်ပြုရမည်။ ထိုသို့ မျှောစာအသစ် ထုတ်ပေးရာတွင် စစ်ဆေးသည့် သစ်တောဝန်ထမ်း၏ စစ်တံဆိပ်အား ထပ်မံရိုက်နှိပ်ပေးရမည်။

**လုပ်ငန်းစဉ်(၆)။ ခရီးလမ်းဆုံးသို့ရောက်သောအခါ မျှောစာများကို စစ်ဆေးရာတွင် ဆောင်ရွက် ရမည့် တာဝန်များ**

(က) လမ်းခရီးဆုံး၍ သယ်ယူလာသူသည် မျှောစာကို သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူး ဌာနရုံးသို့ သွားရောက်အပ်နှံရမည်။ အကယ်၍ မြို့အဝင်၌ သစ်တောကင်းရုံးရှိပါက ကင်းရုံး တာဝန်ခံသို့ ပေးအပ်ရမည်။

( ခ ) ခရီးဆုံးအရပ်၌ရှိသော သစ်တောအရာရှိများသည် မျှောစာမူလပိုင်းနှင့် မိမိထံ ရောက်ရှိလာသော ဒုတိယပိုင်း၊ တတိယပိုင်း တို့နှင့် တိုက်ဆိုင်စစ်ဆေးရမည်။ ဆောင်ယူလာ သော ပစ္စည်းများနှင့် မျှောစာပါ အချက်အလက် များ၊ အထောက်အထားပြု ပြေစာ၊ စာရွက် စာတမ်းများ မှန်ကန်ကိုက်ညီပါက မိမိမှ စစ်ဆေးပြီးကြောင်းနှင့် မှန်ကန်ကြောင်းကိုပါ



မျှောစာပေါ်တွင် ရေးသား၍ လက်မှတ်နှင့် နေ့စွဲကိုရေးထိုးပြီး မူလပိုင်းနှင့် ဒုတိယပိုင်း၊ တတိယပိုင်းများကို မျှောစာထုတ်ပေးသောရုံးသို့ ပြန်လည်ပေးပို့ရမည်။

(ဂ) သယ်ယူလာသော ပစ္စည်းများသည် ကွာခြား၍သော်လည်းကောင်း၊ ခွင့်မပြုသော ပစ္စည်းများ သယ်ယူလာခြင်းကြောင့်သော်လည်းကောင်း တွေ့ရှိပါက ၎င်းပစ္စည်းများကို ဆိုင်းငံ့၍ထားရှိပြီး ပစ္စည်းပိုင်ရှင် သို့မဟုတ် ကိုယ်စားလှယ်၏ ဖြေဆိုချက်နှင့်တကွ လိုအပ်သော အမှုတွဲပြုလုပ်၍ ခရိုင်သစ်တောအရာရှိထံ အစီရင်ခံရမည်။ လိုအပ်သော အမိန့်ညွှန်ကြားချက် ထုတ်ပြန်၍ ဆောင်ရွက်ပြီးသည်အထိ စောင့်ထားရမည်။

(ဃ) မျှောစာကို အပြီးသတ် သိမ်းယူလိုက်သောအခါတွင် အတူပါလာသည့် ဘီ(လ်)/ပြေစာကို ပိုင်ရှင်သို့ ပြန်ပေးအပ်ရမည်။ ၎င်းအပြင် ဘီ(လ်)/ပြေစာပေါ်၌ သယ်ယူပြီးစီးကြောင်းကို မျှောစာအမှတ်၊ နေ့စွဲနှင့်တကွ လက်မှတ်ရေးထိုးဖော်ပြရမည်။



သစ်တောဦးစီးဌာန

မျှောစာစစ်ဆေးခြင်းမှတ်တမ်း

ပူးတွဲ(၁)

| စဉ် | ယာဉ် အမှတ် | ယာဉ်မောင်း အမည်နှင့် အမျိုးသား မှတ်ပုံတင် အမှတ် | မျှောစာအမှတ်/ ပါမစ်/ လိုင်စင် | အရောင်း ပြေစာ/ ဘီ(လ်) ပြေစာအမှတ် | ပိုင်ရှင်အမည် နှင့် နေရပ် လိပ်စာ | မှ | သို့ | ပစ္စည်း အမည် | စစ်ဆေး တွေ့ရှိ ချက် | မျှောစာ တွေ့ရှိချက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

## ခွင်းချက်ဖြင့် ခွင့်ပြုထားသည့် ကိစ္စရပ်များ

(၁) မီးရထားဖြင့် သစ်တောထွက်ပစ္စည်းများ၊ ပရိဘောဂများတင်ဆောင်သယ်ယူသည့် ကိစ္စနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့၏ ညှိနှိုင်းဆွေးနွေးချက်အရ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

**(က) တနိုင်တပိုင်သယ်ခြင်း**

အောက်ပါအချက်များနှင့် ကိုက်ညီပါက တနိုင်တပိုင် သယ်ယူခြင်းအတွက် မျှောစာရယူရန် မလိုပါ။

(၁) စီးပွားဖြစ် မဟုတ်သည့် အသေးစား သစ်တောထွက်ပစ္စည်းဖြစ်ရမည်။

(၂) သစ်တောဦးစီးဌာန၏ အခါအားလျော်စွာ သတ်မှတ်ပေးသည့် အရေအတွက် (ခရီးသည် အမှန်သုံးစွဲရန်နှင့် ခရီးသည်နှင့် တပါတည်း တနိုင်ယူဆောင်လာသည့် အရေအတွက်)ထက် မပိုရ။

**(ခ) အိမ်ထောင်ပြောင်းစာရင်း(ပရိဘောဂနှင့်အသုံးအဆောင်)များ**

အောက်ပါအချက်များ တင်ပြပါက သယ်ယူခြင်းအတွက် သစ်တောဦးစီးဌာနမှ မျှောစာ ထုတ်ပေးရန်မလိုဘဲ **ထောက်ခံချက်ဖြင့်** ခွင့်ပြုရန်-

(၁) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပြောင်းရွှေ့မိန့်တင်ပြရမည်။

(၂) အရပ်သားဖြစ်ပါက အိမ်ထောင်စုစာရင်း(ပုံစံ-၁၀)တင်ပြရမည်။

**(ဂ) ခရီးသည်(ပြည်သူ/ကျောင်းသား)တို့၏ ကိုယ်ပိုင်ပစ္စည်းများ**

အောက်ပါအချက်များနှင့် ကိုက်ညီပါက မျှောစာမပါရှိဘဲ သယ်ယူခွင့်ပြုရန်-

(၁) မိမိပိုင်တစ်ကိုယ်ရေသုံးပစ္စည်းဖြစ်ရမည်။

(၂) မိမိနှင့်တပါတည်း ယူဆောင်လာသည့် ပစ္စည်းဖြစ်ရမည်။

(၃) မိမိအသုံးပြုရန်အတွက် သယ်ဆောင်ခြင်းဖြစ်ရမည်။

**(ဃ) ထုတ်ပိုးစည်/သေတ္တာများ(ငါး၊ ခရမ်းချဉ်သီး စသည်များ)**

(၁) အသုံးပြုပြီးသယ်ဆောင်လာပါက မျှောစာမဲ့ခွင့်ပြုရန်၊

(၂) သေတ္တာလုပ်ငန်းအတွက် အဆင်သင့်အစိတ်အပိုင်းများစုစည်း၍ တင်လာပါက သစ်တောဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း စစ်ဆေးပြီး မျှောစာဖြင့် ခွင့်ပြုရန်။

**(င) စီးပွားဖြစ်သယ်ယူရမည့် အသေးအဖွဲ့သစ်တောထွက်ပစ္စည်းများ**

(လှူသုံးကုန်၊ စားကုန် (ဥပမာ-မျှစ်၊အင်ဥ)တို့ကို သစ်တောအခွန်တော် ကောက်ခံသည့် ဖြတ်ပိုင်းကို စစ်ဆေး၍ သယ်ယူခွင့်ပြုရန်၊

**(စ) မြို့ပတ်ရထားဖြင့်သယ်ယူခြင်း**

ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း မြို့ပတ်ရထားဖြင့် သစ်တောထွက်ပစ္စည်းများ သယ်ဆောင်ပါက မျှောစာမလိုဘဲ ခွင့်ပြုရန်။ (ဦးစီးရုံးချုပ်၏ ( ၃.၉.၁၉၉၉) ရက်စွဲပါ စာအမှတ် လင/အခ/၀၁၁၉၂/၃၄၄၅၀-၇ ၀/၉၉)

**(၂) မြန်မာ့သစ်လုပ်ငန်းပိုင်သစ်များသယ်ယူပို့ဆောင်ခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်း၏ တောဝင်သစ်ထုတ်လုပ်မည့် သစ်တင်ယာဉ်/ ယန္တရားများ စာရင်းအား မှတ်ပုံတင်စာရင်း ပြုစုထားပြီး ယာဉ်ဝင်ခွင့် ပြုလုပ်ပေးရန်နှင့် အခါအားလျော်စွာ စစ်ဆေးသွားရန်၊
(ယာဉ်ဝင်ခွင့်မပါရှိသည့် ယာဉ်များအား အကွက်အတွင်း ဝင်ခွင့်မပြုရန်နှင့် တားဆီးအရေးယူရန်)

၂။ အကွက်တွင်းစုပုံမှ သစ်များကို မြန်မာ့သစ်လုပ်ငန်း၏ ကားတိုက်စာရင်း Trucking Note ဖြင့် မြန်မာ့သစ်လုပ်ငန်း သစ်ဆိပ်များသို့ သယ်ယူခွင့်ပြုရန်၊ **သစ်ဆိပ်များတွင် တောအုပ်ကြီး/တောအုပ်(၁)ဦးနှင့် တောခေါင်း(၁)ဦးပါအဖွဲ့**အား သီးသန့် တာဝန်ပေးတွဲဘက်ထားရှိ၍ သစ်ဆိပ်များမှ သစ်လုံးများကို ရန်ကုန်မြို့နှင့် အခြားဒေသများသို့ သယ်ယူရာတွင် မြန်မာ့သစ်လုပ်ငန်း၏ ကားတိုက်စာရင်း Trucking Note ပေါ်တွင် သစ်ဆိပ်တာဝန်ခံနှင့် တာဝန်ခံ သစ်တောဝန်ထမ်းတို့ (၂)ဦးစလုံး စိစစ်အတည်ပြုလက်မှတ်ရေးထိုး၍ သယ်ယူခွင့်ပြုရန်၊ (ကုမ္ပဏီ/ လုပ်ငန်းရှင်သို့ ပြေစာ/ DO များဖြင့် ရောင်းချပြီး ဖြစ်ပါက မျှောစာထုတ်ပေးသည့် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရမည်)

၃။ မြန်မာ့သစ်လုပ်ငန်းပိုင်သစ်စက်များမှ ခွဲသားများသယ်ယူခြင်းကို သစ်လုံးကဲ့သို့ပင် မြန်မာ့သစ်လုပ်ငန်း၏ Transfer Invoice ပေါ်တွင် သစ်စက် တာဝန်ခံနှင့် သီးသန့်တာဝန်ပေးထားသည့် သစ်တောဝန်ထမ်းတို့ (၂)ဦးစလုံး စိစစ်အတည်ပြု လက်မှတ်ရေးထိုး၍ သယ်ယူခွင့်ပြုရန်၊

၄။ မြန်မာ့သစ်လုပ်ငန်းပိုင်သစ်များကို ရေကြောင်းနှင့်ရထားလမ်းမှ သယ်ယူခြင်းကို လက်ရှိကျင့်သုံးနေသည့် မြန်မာ့သစ်လုပ်ငန်း၏ နည်းစနစ်အတိုင်း သယ်ယူမည်ဖြစ်၍ လမ်းခရီးတလျှောက်ရှိ သတ်မှတ်နေရာများတွင် စစ်ဆေးသွားရန်၊

၅။ မြန်မာ့သစ်လုပ်ငန်းပိုင် သစ်လုံးနှင့် ခွဲသားများ သယ်ယူရာတွင် ခရီးလမ်းတစ်လျှောက်ရှိ သစ်တောဦးစီးဌာန စစ်ဆေးရေး စခန်း/ သစ်တောကင်းရုံးများနှင့် ရှောင်တခင် ကင်းလှည့် အဖွဲ့များက လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးသွားရန်၊

(ဦးစီးရုံးချုပ်၏ ( ၂၆.၉.၂၀၀၃)ရက်စွဲပါ စာအမှတ်၊ လင/အခ/ ၀၀၁၉၆/ ၆၈၀၈-၂၉/၂၀၀၃)